# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်

စကားတော်ကို နားထောင်၍ အမှုတော်ကို ဆောင်ရွက်လျှင် စည်းစိမ်
ချမ်းသာနှင့် ပျော်မွေ့လျက်၊ နှစ် လ နေ့ ရက် ကာလကို လွန်စေတတ်ကြ၏
ယောဘ ၃၆း၁၁

အမှတ်စဉ် (၃၈) | အောက်တိုဘာလ | ၂၀၀၄ ခုနှစ် | စမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )


## ကျွန်မတို့ ကိုးကွယ်တဲ့ ခရစ်တော်ဘုရားဟာ အချိန်မီ ကူညီ မ စ တဲ့ ဘုရား ဖြစ်ပါတယ်

စင်ကာပူနိုင်ငံကို ဒုတိယအကြိမ်မြောက် ရောက်လာနိုင်တဲ့ အခွင့်ပေးတဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ၇–၉–၁၉၉၅ ရက်နေ့မှာ ပထမဦးဆုံးအကြိမ် ရောက်လာခဲ့ပါတယ်။ အဲဒီတုံးက ကျွန်မမှာ အသည်းရောင်ရောဂါ ဘီ ပိုး ရှိနေခဲ့ပါတယ်။ ပွဲစားက ကျွန်မကို ဆေးစစ်တဲ့အခါမှာ ဒီရောဂါပိုး ရှိတဲ့အတွက် မြန်မာပြည် ပြန်ရမယ်လို့ပြောပါတယ်။ ဆေးစစ်ကြည့်တော့ ၈–၉–၁၉၉၅ နေ့မှာ အဖြေရပါတယ်။ ၉–၉–၁၉၉၅ မှာပြန်ရမယ်လို့ ပြောပါတယ်။ ဘုရားသခင်ဆီမှာ ကျွန်မ ယုံကြည်ခြင်းနဲ့ ဆုတောင်းတဲ့အတွက် ပြန်ရမဲ့နေ့မှာ မပြန်ရဘဲ။ ၁၀–၉–၁၉၉၅မှာ အလုပ် စလုပ်ခဲ့ရပါတယ်။ ၁၆–၉–၁၉၉၅နေ့မှာ ကျွန်မရဲ့ ရောဂါကို တရုတ်ဆရာဝန်နဲ့ ကုသခွင့် ရခဲ့ပြန်ပါတယ်။ ကျွန်မ မသိနိုင်တဲ့ နက်နဲတဲ့ အရာကို ဘုရားသခင်က ကျွန်မကို ပြခဲ့ပါတယ်။

**ငါ့ကိုခေါ်လော့၊ ငါထူးမည်။ ကြီးသောအရာ၊ သင် မသိနိုင်အောင် နက်နဲသောအရာတို့ကို ငါပြမည်** **ယေရမိ ၃၃း၃** အရ ကျွန်မ ဉာဏ်မမှီနိုင်တဲ့ အရာကို ဘုရားသခင် ပေးခဲ့ပါတယ်။ ၆လ ပြည့်လို့ ဆေးပြန်စစ်တဲ့အခါမှာ ကျွန်မဆီမှာ ဘီ ပိုး မရှိတော့တာကို တွေ့ရပါတယ်။ ဘုရားသခင်ဟာ အနာရောဂါအမျိုးမျိုးကို ငြိမ်းစေတဲ့ ဘုရားဖြစ်ကြောင်း သက်သေပြခဲ့ပါတယ်။

ကျွန်မ မြန်မာပြည်က မထွက်လာခင် ဆေးစစ်တုံးကလဲ ကျွန်မ ဆီမှာ ဘီပိုး ရှိကြောင်းသိခဲ့ပြီးဖြစ်ပါတယ်။ ဆေးပညာအကြောင်း နားလည်တဲ့ ကျွန်မရဲ့ မိတ်ဆွေတွေက အဲဒီရောဂါပိုးဟာ သိပ်ကြောက်စရာကောင်းကြောင်း ပိုးရှိသူရဲ့ အသုံးအဆောင်တွေကို ထိမိရင် ရောဂါကူးနိုင်ကြောင်း ရောဂါရှိသူကို ခွဲစိတ်ခန်းထဲ ပေးမဝင်ကြောင်း၊ ခွဲစိတ်ခန်းထဲ ရောဂါရှိသူ ဝင်မိပါက လျော်ကြေးပေးရကြောင်း ပြောပြပါတယ်။ အဲဒီစကားတွေကြားရတော့ ကျွန်မ စိတ်ဓါတ် အကြီးအကျယ် ကျသွားပါတယ်။



ဒါနဲ့ ကျွန်မရဲ့ ဝိညာဉ်မိခင်ဖြစ်တဲ့ ဆရာမမြမြဝင်း ဆီကိုသွားခဲ့ပါတယ်။ ဆရာမက “ဘုရားသခင်ကို ယုံတယ် မဟုတ်လား၊” လို့ ကျွန်မကို မေးပါတယ်။ ဘုရားသခင် မတတ်နိုင်တာ ဘာတစ်ခုမှ မရှိကြောင်းနဲ့ ဘုရားသခင်ဟာ အချိန်တန်ရင် ပြင်ဆင်ပေးတဲ့ဘုရား ဖြစ်ကြောင်း၊ ဘုရားသခင်ဟာ ကျွန်မရဲ့ ယုံကြည်ခြင်းကို စစ်ဆေးတာဖြစ်ကြောင်း ဘာမှမကြောက်ဖို့နဲ့ သူ ကျွန်မအတွက် နောက်တန်းက ဆုတောင်းပေးနေမှာဖြစ်ကြောင်း အားပေးခဲ့ပါတယ်။ ကျွန်မဟာ မယုံကြည်သူ မိသားစု အသိုင်းအဝိုင်းထဲက ပြောင်းလဲလာတဲ့သူ ဖြစ်တဲ့အတွက် စာတန်ရဲ့ နှောက်ယှက်ခြင်းကို ခံရတာဖြစ်သလို ကျွန်မ ဘုရားသခင်ကို ဘယ်လောက် ချစ်သလဲ၊ ယုံကြည်ခြင်း ဘယ်လောက် ရှိသလဲဆိုတာ စစ်ဆေးတာဖြစ်ပါတယ်။

ကျွန်မ အလုပ်လုပ်နေရင်းနဲ့ဘဲ ၁၀–၈–၂၀၀ခုနှစ်မှာ အူ အတက်ရောင်တဲ့ ရောဂါနဲ့ ဆေးရုံတက်ရပါတယ်။ ဆရာဝန်က ခွဲစိတ်ကုသ ရမယ်လို့ ပြောပါတယ်။ ကျွန်မက မခွဲချင်ကြောင်း၊ အလုပ်ရှင်ကို ပြောခဲ့ပေမဲ့ ဆရာဝန်က ဆေးရုံတက်ပြီး ကုသမှု ခံယူဖို့ပြောတဲ့အတွက် ကျွန်မ ဆေးရုံတက်ခဲ့ရပါတယ်။

အဲဒီလို ဆေးရုံတက်နေချိန်မှာ ကျွန်မ စိုးရိမ်စိတ်တစ်ခု ဝင်လာမိပါတယ်။ မြန်မာပြည်မှာတုံးက ဘီပိုး ရှိတဲ့သူ ခွဲစိတ်ခန်းထဲဝင်ရင် လျော်ကြေး ပေးရမယ်ဆိုတဲ့ စကားပါဘဲ။ စိုးရိမ်မှုတွေကို ဘုရားလက်ထဲ အပ်နှံထားလိုက်ပါတယ်။ ဘုရားသခင်ဟာ ကျွန်မအတွက် အကောင်းဆုံး ကွယ်ကာမှုနဲ့ မစမှုကို ပြခဲ့တာ ကျွန်မ တွေ့ခဲ့ရပါတယ်။ ကောင်းမွန်စွာ ခွဲစိတ်မှုရခဲ့သလို ဆေးဖိုးဝါးခအတွက် ကျွန်မ တစ်ပြားမှ စိုက်စရာ မလိုတာကိုလဲ တွေ့ရပါတယ်။ လူ့ဉာဏ်နဲ့ ပြောခဲ့တဲ့ စကားတွေကို ဘုရားသခင်က ချေဖျက်ပေးခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်ကနေ ၂၀၀၁ ခုနှစ်အထိ စင်ကာပူမှာ အလုပ်လုပ်နိုင်တဲ့အခွင့်ကိုလဲ ဘုရားသခင်က ပြင်ဆင် ပေးခဲ့ပါတယ်။

**သင်ယုံကြည်လျှင် ဘုရားသခင်ရဲ့ ဘုန်းကို မြင်ရမယ်။** ဒုတိယအကြိမ် စင်ကာပူမှာ အလုပ်လုပ်ဖို့ ဘုရားသခင်က ကျွန်မကို ၃၁–၁၀–၂၀၀၃ ခုနှစ်မှာ ပြင်ဆင်ပေးခဲ့ပါတယ်။ မြန်မာပြည်ကိုပြန်ပြီး တစ်နှစ်ပါတ်လုံး ကျွန်မရဲ့ ဝိညာဉ်မိခင်နဲ့အတူ ဘုရားအမှုတော်ကို ဆောင်ခဲ့ပါတယ်။ စင်ကာပူကို ပြန်ထွက်ဖို့ မရည်ရွယ်မိပေမဲ့ ကျွန်မရဲ့ ပတ်စပို့ကိုတော့ သက်တမ်းတိုးထားပါတယ်။ အလုပ်တစ်ခုခု ပြင်ဆင်ပေးဖို့ ဆုတောင်းခဲ့ပါတယ်၊ အထူးသဖြင့် ကျွန်မက အလုပ်ကို လိုက်ရှာတာမျိုး မဟုတ်ဘဲ အလုပ်က ကျွန်မကို ရှာတာမျိုးကိုဘဲ ဖြစ်ချင်ပါတယ်။ ကျွန်မ အလုပ်ရခဲ့ပါတယ်။ ဒါပေမဲ့ အလုပ်ခေါ်တဲ့အချိန်မှာ ကျွန်မ လက်ထဲမှာ ပတ်စပို့ စာအုပ်မရှိသေးတဲ့အတွက် အဲဒီအလုပ်ကို လက်လွှတ်လိုက်ရပါတယ်။ အဲဒီနောက်မှာ အလုပ်ရှင် ၁၀ဦး နီးပါး ဆီမှာ ကျွန်မ အင်တာဗျူး ခဲ့ရပါတယ်။ ဒါပေမဲ့ သူတို့ အားလုံးက ကလေးကြည့်ရမယ်လို့ ပြောတဲ့အတွက် ကျွန်မ ငြင်းလိုက်ရပါတယ်။ နောက်ဆုံးတော့ ပွဲစားလက်ထဲ အပ်လိုက်ရပါတယ်။ နောက်ပိုင်းရတဲ့ အလုပ်က လူနာကြည့်ရမှာဖြစ်တဲ့အတွက် ကျွန်မ လက်ခံလိုက်ပါတယ်။ ၂၁–၇–၂၀၀၃ ခုနှစ်မှာ စင်ကာပူကို ထွက်ခွာဖို့ လုပ်ပြီးကာမှ စင်ကာပူကနေ ဖုန်းဆက်ပါတယ်၊ ထွက်မလာပါနဲ့တဲ့၊

ကျွန်မ အကြီးအကျယ်စိတ်ဓါတ် ကျသွားပါတယ်။ အဲဒီအချိန်မှာ ကျွန်မအတွက် ရွေးချယ်စရာ လမ်းနှစ်သွယ်ဘဲ ရှိပါတယ်။ ယိုးဒယားကို ထွက်မလား၊ ပတ်စပို့ စာအုပ် အဆုံးခံမလား။ ကျွန်မ ဘာလုပ်ရမလဲ မသိပါဘူး။ နောက်ဆုံး ဘုရားသခင်ကို အားကိုးပြီးတော့ ယိုးဒယားကို ထွက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ **သုတ္တံ ၃း၅၊၆– ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ကိုးစားလော့၊ ကိုယ်ဉာဏ်ကို အမှီမပြုနှင့်၊ သွားလေရာရာ၌ ထာဝရ ဘုရားကို မျက်မှောက်ပြုလော့၊ သို့ပြုလျှင် သင်၏လမ်းခရီးတို့ကို မှဲ့ပြင်တော်မူလိမ့်မည်။** ဆိုတဲ့ ကတိတော်အတိုင်း သွားရမဲ့လမ်းကို ဘုရားသခင် ပြင်ဆင်ပေးပါတယ်။ ယိုးဒယားမှာ အသိတစ်ယောက်မှ မရှိပေမဲ့၊ ညီမငယ် တစ်ယောက်အားဖြင့် မြန်မာပြည်သားတွေချည်းဘဲ နေတဲ့အဆောင်မှာ လုံခြုံစွာ တည်းခိုခွင့် ရခဲ့ပြန်ပါတယ်။ အဲဒီနောက် ယိုးဒယားမှာ ကျွန်မ ဘုရားသခင်နဲ့ အချိန်များများယူ၊ အစာရှောင် ဆုတောင်းခဲ့လို့ ဘုရားရဲ့ အကြံအစည်တော်ကို နားလည်လာရပါတယ်။

ဖန်ဆင်းတော်မူသော လူအပေါင်းတို့သည်၊ ကိုယ်တော်ကို သိမည်အကြောင်း လူတိုင်းလုပ်သော အလုပ်ကို ဆီးတားတော်မူ၏ ယောဘ ၃၇း၇

ကျွန်မရဲ့ အလုပ်တွေ အဆင်မပြေတဲ့အခါမှာ ဆုတောင်းခြင်းလျော့နဲခဲ့ပါတယ်။ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်မလာတော့၊ ယုံကြည်ခြင်း အားနည်းခဲ့ပါတယ်။ လောလောဆယ် ကူညီနိုင်မဲ့ လူတွေကို အားကိုးမိပါတယ်။ ဘုရားသခင်က သူ့ဆီမှာဘဲ အကြွင်းမဲ့ ခိုလှုံစေချင်တာမို့ ကျွန်မရဲ့ အလုပ်တွေကို ရပ်တန့်လိုက်တာ ဖြစ်ပါတယ်။ နောက်ဆုံးတော့ စင်ကာပူနိုင်ငံကို ၃၁–၁၀–၂၀၀၃ မှာ ရောက်လာခဲ့ပါတယ်။ ၁–၁၁–၂၀၀၃ မှာ အလုပ် စလုပ်ရပါတယ်။ ဘုရားသခင်ဟာ ကျွန်မ ယခင်က ဆုတောင်းခဲ့တဲ့အတိုင်း ပွဲစား ခပေးစရာမလိုဘဲ၊ အလုပ်ကို ဒါရိုက်ပြင်ဆင်ပေးခဲ့ပါတယ်။

**မြော်လင့်လျက် စမ်းမြောက်ကြလော့၊ ဆင်းရဲခုက္ခရောက်သောအခါ၌ သည်းခံကြလော့။ ရောမ ၁၂း၁၂**

ဘုရားသခင်ထံမှ ကောင်းကြီးမင်္ဂလာ ငြိမ်သက်မှုအပေါင်းတို့သည်၊ ဖတ်ရှုသော ခမ္မမိတ်ဆွေ အပေါင်းတို့အပေါ်သို့ သက်ရောက်ပါစေသော်။ အာမင်။
ခရစ်တော်မြတ်၌
ဇာနည်အေးခိုင်

ooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

# ပြူတင်းပေါက်

## အပြစ်ဆိုတာ ကိုယ်ဖန်တီးတဲ့အတိုင်း ဖြစ်တယ်။ ဒီလိုဘဲ ဖြစ်ခဲ့တယ်။ နောက်လည်း ဖြစ်အုံးမှာဘဲ။

တစ်ခါက ဆေးရုံကြီးတစ်ခု၏ အခန်းကျဉ်းထဲတွင် စိုးရိမ်ဘွယ်ရောဂါဖြင့် လူနာနှစ်ဦး ဆေးကုသမှု ခံယူနေရသည်။ အခန်းက ငယ်ပြီး ကျဉ်းလွန်းသဖြင့် ပြင်ပလောကအား ကြည့်မြင်နိုင်ရန် ပြူတင်းပေါက်တစ်ပေါက်သာရှိသည်။ ထိုလူနာနှစ်ဦးအနက် တစ်ဦးအား နေ့ခင်းပိုင်းတွင် ( အဆုတ်တွင်းမှ ရေများ ဖောက်ထုတ်ရန်) ကုတင်ပေါ်တွင် တစ်နာရီခန့် ထိုင်ခိုင်းထားလေ့ရှိသည်။ သူ့ကုတင်က ပြူတင်းပေါက်နှင့် နီးကပ်သည်။ အခြားတစ်ယောက်မှာမူ ပြူတင်းပေါက်နှင့် ဝေးသော ကုတင်တွင် တစ်နေ့လုံး လှဲလျောင်းကာ နေနေရသော အခြေအနေတွင်ရှိသည်။

နေ့လည်ခင်းတိုင်းတွင် တစ်နာရီ ထိုင်ခွင့်ရသော လူနာက အပျင်းပြေစေရန် အတွက် ကုတင်ပေါ်တွင် လှဲနေရသောလူနာအား ပြူတင်းပေါက်မှ သူမြင်ရသမျှသောအရာကို ပြောပြလေ့ရှိသည်။

ပြူတင်းပေါက်မှ ကြည့်လိုက်လျှင် ပန်းခြံတစ်ခုကို မြင်နိုင်ပြီး ထိုပန်းခြံထဲတွင် ကြည်လင်သော ရေကန်တစ်ခုရှိသည်။ ကန်ထဲတွင် ဘဲများ၊ ငန်းဖြူကြီးများ ရေဆင်းကူးလေ့ ရှိသည်။ ကလေးများက ကန်ထဲရှိ ငါးများလိပ်များနှင့် ဘဲများကို အစာများပစ်ကျွေး၍ ပျော်မြူးနေကြသည်။ တစ်ချို့ကလေးများက စက္ကူလှေကလေးများ လုပ်၍ ဆော့ကစားနေကြသည်။ ကန်နံဘေးတွင် ချစ်သူစုံတွဲများ လက်ချင်းတွဲ၍ ကြည်နူးစွာ လမ်းလျှောက်နေကြသည်။ ပန်းခြံထဲတွင် ပန်းမျိုးစုံနှင့် စိမ်းစိုနေသော မြက်ခင်းလဲရှိသည်။ ဘောလုံးကစားနေသော သူများကိုပါ လှမ်းမြင်နေရသည်။ သစ်ပင်တန်းများ၏ အနောက်ဘက်တွင် ထိုးထိုးထောင်ထောင် ထွက်နေသော မြို့လည်ခေါင်မှ တိုက်မြင့်ကြီးများ၏ အပေါ်ပိုင်းကို လှမ်းမြင်နေရသည်။ စသဖြင့် ပြောပြလေ့ရှိပါသည်။

ပြင်ပလောကနှင့် အဆက်ပြတ်နေသော အမြဲ လှဲလျောင်းနေရသော လူနာက၊ ထိုင်ခွင့်ရသူ ပြောသမျှကို နားထောင်ရင်း မိနစ်တိုင်း ပျော်ရွှင်မှု တစ်မျိုးပြီး တစ်မျိုး ခံစားနေရသည်။ ကလေးတစ်ယောက် ရေကန်ထဲ ကျလုလု ဖြစ်သွားပုံ၊ မိန်းမလှလေးများ၏ ကန္တကလျ လျှောက်သည့် ဟန်၊ တုတ်ကောက်နှင့် အဖိုးအို၏ နေးကွေးမှုနှင့် ဆယ်ကျော်သက် ချာတိတ်လေးများ၏ လူကြားအတွင်း လျင်မြန်စွာ စကိတ်စီးသည့် အသွင်သဏ္ဍာန်တို့ကို သူ့မိတ်ဆွေက အာဘောင်အာရင်း သန်သန်ဖြင့် ပြောပြသည်မှာ သူကိုယ်တိုင်ပီတိမျက်စိနှင့် မြင်ရဘိသကဲ့သို ့ ခံစားရပါသည်။



သို့ဖြင့် တစ်နေ့တွင် အတွေးတစ်ခု ဝင်လာပါသည်။ ဘာ့ကြောင့် ပြူတင်းပေါက်နှင့် နီးသူက လောကကြီးကို ကိုယ်ပိုင်မျက်စိနှင့် ရှုမြင်ခံစားနိုင်ပြီး မိမိက ထိုအခွင့်အရေးကို ဘာ့ကြောင့် မရရသလဲဟု စဉ်းစားမိရင်း သူသည်လဲ ထိုအခွင့်အရေးကို လိုချင်သောစိတ်များ တဖွားဖွားပေါ်လာပါတော့သည်။ ထိုစိတ်ဆန္ဒအား ကြိုးစား ဖျောက်လေလေ၊ ပို၍ပို၍ လိုလားလာလေလေ ဖြစ်လာပါသည်။

တစ်ညတွင် သူ့မိတ်ဆွေ ရုတ်တရက် ထထိုင် ပါသည်၊ ထို့နောက် ပြင်းထန်စွာ ချောင်းဆိုးသည်။ သူနာပြုအား အကူအညီတောင်းရန် အရေးပေါ် လူခေါ် ခလုတ်အား အမှောင်ထဲတွင် ဟိုစမ်း ဒီစမ်းဖြင့် ရှာနေသည်။ သို့သော် ရှာမတွေ့ပေ။ လှဲနေရသော လူနာက ထိုအဖြစ်အပျက် အားလုံးကို အစမှအဆုံးတိုင် မြင်နေရသော်လဲ မည်သည့် အကူအညီမှ မပေးဘဲ ငြိမ်သက်စွာ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။ သို့ဖြင့် တဖြေးဖြေး အသက်ရှူကြပ်လာသော လူမှာ နောက်ဆုံး အသက်ရှူ ရပ်သွားလေတော့သည်။

နံနက်ရောက်သော် ထိုလူနာ ကွယ်လွန်သွားပြီးဖြစ်၍ အလောင်းကို အပြင်သို့ သယ်ထုတ်သွားကြသည်။ ထိုအချိန်တွင် အခွင့်ကောင်းကို စောင့်နေသော ကျန်ရစ်သူက မိမိအား ပြူတင်းပေါက်အနီးသို့ ပြောင်းရွှေ့ပေးရန် ခွင့်တောင်းလိုက်သည်။ ဝန်ထမ်းများက သူ့ဆန္ဒအတိုင်း ရွှေ့ပေးကြသည်။ လူများ အခန်းထဲမှ ထွက်သွားကြသောအခါ၊ အနာခံကာ ကြိုးစား၍ ထထိုင်ပြီး စိတ်ကူးယဉ်ခဲ့ရသော ပြူတင်းပေါက်မှ အပြင်လောကသို့ အားရပါးရ ကြည့်လိုက်လေတော့သည်။

သူမြင်လိုက်ရသော မြင်ကွင်းကား ပန်းခြံ မဟုတ်၊ အုတ်နံရံကြီးသာတည်း။ ။

**Author unknown** ၏ **The window** အား ဆီလျော်အောင် ဘာသာပြန်ဆိုခြင်း ဖြစ်ပါသည်။
မလေး (ဂျူလိုင်)

# ကိုယ်တော်နားညောင်းတော်မူပါ

မာမီရယ် မကြင်နာ အပြုံးများနဲ့ တမင်တကာမုန်းသွားပြီး၊ သားတို့ကို ထားခဲ့လေသလား။ မာမီ သားတို့ကို ထားခဲ့တာ အခုဆိုရင် ၄နှစ် ကျော်သွားပြီနော်။ ဘာဖြစ်လို့များလဲ မာမီရယ်၊ သားတို့ ဆိုးလွန်းမိုက်လွန်း လို့ဘဲလားဟင်။

ဒယ်ဒီ ရှိတုံးက ဆိုရင် သားတို့ အရမ်းပျော်ခဲ့ရတယ်နော်။ ဒယ်ဒီ အလုပ်ကပြန်လာတဲ့ နေ့ကျရင် သားတို့အတွက် အဝတ်အစားတွေ အစားအသောက်တွေ အမြဲ ဝယ်လာခဲ့တယ်။ အဲဒီတုံးက ဒယ်ဒီက နိုင်ငံခြားသားအိမ်မှာ ကားမောင်းတော့၊ တစ်လတစ်လ မာမီ့ကို ပိုက်ဆံတွေ အများကြီးပေးတာ တွေ့ရတယ်။ နောက်ပြီး လကုန်တဲ့ အပါတ်ဆိုရင် မာမီ့ဘက်က မောင်နှမတွေ သားတို့အိမ်မှာလာပြီး စားကြသောက်ကြနဲ့ သိပ်ပျော်စရာကောင်းခဲ့ပါတယ်။ အဲဒီတုံးက ဒယ်ဒီလဲ ညတိုင်း အရက်တွေ သောက်တတ်တယ်။ သူ ဘယ်လိုဘဲ မူးလာလာ၊ သားတို့ကို လုံးဝ မရိုက်ခဲ့ပါဘူး။ အဲဒီတုံးက ဒယ်ဒီဟာ သားတို့အတွက် သူရဲကောင်း တစ်ဦးပါဘဲ။



သား ပထမတန်းကျောင်းသား အရွယ်တုံးက အတန်းဖော် သူငယ်ချင်းတွေကို ဘယ်လိုအားရပါးရ ပြောခဲ့သလဲဆိုတော့၊ ငါ့အဖေက ကားမောင်းတယ်၊ မင်းတို့ငါ့ကို ရန်စရင် ငါ့အဖေနဲ့ တိုင်ပြောပြီး မင်းတို့ကို ကားနဲ့ တိုက်ခိုင်းမယ်တဲ့။ ခုတော့ မာမီရယ် သားတို့ရဲ့ အိမ်မက်တွေကို ဘယ်သူလာပြီး ရိုက်ချိုး သွားခဲ့တာလဲဟင်။ ဒယ်ဒီလဲ နောက်ပိုင်းတော့ လုပ်ငန်းခွင်မှာ အရက်သောက်လို့ အလုပ်ပြုတ်သွားတယ်။ အဲဒီနောက် ကွန်တိန်နာကားနဲ့ ရန်ကုန် မန္တလေး မောင်းခွင့်ရလာတယ်။ ကားသမားလောကက ဘဝ ပိုစုံတော့ ဒယ်ဒီ အခြေအနေ ပိုဆိုးလာခဲ့တယ်၊ မာမီကလဲ ဒယ်ဒီ့ကို မဆုံးမ ဘဲ၊ ဒယ်ဒီနဲ့ အပြိုင် အရက်သောက် ပြတော့ သားတို့ညီအစ်ကိုတွေ ဘာတတ်နိုင်မှာလဲနော်။ အဲဒီတုံးက သားက ၇နှစ်၊ ညီလေးက ၄ နှစ်ဘဲ ရှိသေးတာကိုး။

သိပ်မကြာပါဘူး။ ဒယ်ဒီနဲ့ မာမီလဲ အရက်တွေ အပြိုင်သောက်ကြ စကားများကြနဲ့ သားတို့လဲ ကြောက်ပြီး အစောကြီး အိပ်ယာဝင်သွားရတာပေါ့။ မနက်ကျတော့ မာမီ့ငိုသံကြားမှဘဲ နိုးလာတယ်။ မာမီက သားတို့ ညီအစ်ကိုနှစ်ယောက်ကို ဖက်ပြီး ငိုနေတယ်။ ဒယ်ဒီကောလို့ သားက မေးလိုက်တယ်။ အဲဒီအချိန်မှာ မာမီ့မျက်နှာက အိမ်မိုးမျက်နှာကျက် အပေါ်ကိုမော့ထားတာ သတိထားမိတော့ သားလဲ အပေါ်ကို ကြည့်လိုက်မိတယ်။ ဒယ်ဒီလေ၊ ကြိုးတစ်ချောင်းနဲ့ အပေါ်မှာ တန်းလန်းကြီး ဖြစ်နေတယ်။ အဲဒီအချိန်မှာ ညီလေးကလဲ ဒယ်ဒီ့ကို တွေ့သွားပြီး၊ ဒယ်ဒီ ဘာလုပ်နေတာလဲ၊ ခုန်ဆင်းလာခဲ့လေလို့ လှမ်းခေါ်ပေမဲ့၊ ဒယ်ဒီ ဘာမှ ပြန်မပြောဘူး၊ နောက်ပိုင်း အိမ်ထဲမှာကော၊ အိမ်ရှေ့လမ်းပေါ်မှာပါ ရပ်ကွက်ထဲက လူတွေအများကြီး ရောက်လာတယ်။ နောက်ဆုံး ရဲတွေ ရောက်လာပြီး၊ ဒယ်ဒီ့ကို ခေါ်သွားတယ်။ အဲဒီကတည်းက ဒယ်ဒီ့ကို မတွေ့ရတော့ဘူး။ မာမီကပြောတယ်၊ ဒယ်ဒီ သေသွားပြီတဲ့။ အဲဒါကြောင့် မတွေ့ရတော့တာတဲ့။

ဒယ်ဒီ မရှိတဲ့နောက်၊ မာမီလဲ အရက်သောက် မပျက်ပါဘူး။ နေ့တိုင်း သောက်လိုက် စားလိုက်ပါဘဲ။ မကြာပါဘူး၊ သောက်စရာ မရှိတိုင်း၊ ဟိုဟာ ရောင်း၊ ဒီဟာ ရောင်းနဲ့ နောက်ဆုံး အိမ်ကိုပါ ရောင်းလိုက်ရတယ်။ အဲဒီတုံးက မာမီက ပြောတယ်။ ဒီမှာ မနေတော့ဘူး၊ တခြားတစ်နေရာကို သွားနေမယ်တဲ့၊ သားတို့ မှာတော့ ပျော်လိုက်ရတာ၊ နေရာသစ်၊ အိမ်သစ်နဲ့ နေရမယ်ပေ့ါ၊ ဒါပေမဲ့ သားတို့ထင်သလို ဖြစ်မလာခဲ့ဘူးလေ၊ မာမီက မာမီ့မောင်တွေ့ဆီမှာ ခနလောက်နေပြီး အိမ်ရှာမယ်လို့ ပြောတယ်။ အစကတော့ ဝမ်းသာအားရ ဖြစ်သွားသေးတယ်။ နောက်ပိုင်း မာမီ့ဆီကငွေတွေကို သူတို့တွေ ဝိုင်းသုံးကြ၊ ချေးငှားပြီး ပြန်မပေးကြနဲ့၊ မာမီကလဲ မူးလာရင် ဘာတောင်းတောင်း အကုန်ပေးနဲ့၊ လက်ထဲမှာ ဘာမှ မရှိတော့မှ အကြောင်းအမျိုးမျိုးပြပြီး၊ မာမီ့ကို အခြားမှာ နေစရာ ရှာခိုင်းတယ်။ အဲဒီလိုမျိုး ပြောတိုင်း၊ မာမီနဲ့ စကားများကြတာ ခနခနဘဲ။ နောက်ဆုံး မာမီလေ၊ သားတို့ကို ခေါ်ပြီး ဟိုး-- အဝေးကြီးမှာ သွားနေမယ်လို့ ပြောတယ်။ ကား အကြာကြီး စီးပြီး၊ လမ်း အကြာကြီး လျှောက်ပြီးမှ နေရာအသစ်ကို ရောက်သွားတယ်။ ခြံအကျယ်ကြီးတစ်ခုဆီ ရောက်သွားတယ်၊

အဲဒီ အထဲမှာ သားတို့အရွယ် ကလေးတွေ အများကြီးကို တွေ့လိုက်ရတယ်။ သားတို့အဲဒီမှာ နေရမယ်။ သူငယ်ချင်းတွေ အများကြီးရှိတယ်။ သိပ်ပျော်ဖို့ ကောင်းတယ်တဲ့။ နောက်ပိုင်း အဲဒီက ဦးဦးတွေ၊ ဒေါ်ဒေါ်တွေလက်ထဲ သားတို့ကို ထဲ့ပြီး မာမီက အဝေးကြီးမှာ အလုပ်သွားလုပ်မယ်လို့ ပြောတယ်။ ငွေတွေ ရလာမှ သားတို့ကို ပြန်လာခေါ်မယ်လို့ ပြောပြီး မာမီ ထွက်သွားလိုက်တာ အခုထိ ပြန်မလာတော့ဘူး။ မာမီရေ၊ ညီလေးက မနက် အိပ်ယာထတိုင်း သားကို မေးတယ်။ မာမီ ဘယ်သွားလဲ၊ ဘယ်တော့ ပြန်လာမှာ လဲတဲ့။ သား ဘယ်လိုပြန်ဖြေရမလဲ မာမီရယ်။ ပြန်လာခဲ့ပါနော်၊ သားတို့ အဲဒီမှာ မနက်တိုင်း ဘုရားရှိခိုးရတယ်။ ဆရာမတွေကလဲ ကျမ်းစာသင်ပေးတယ်။ ပုံပြင်လဲ ပြောပြတယ်။ သား မှတ်မိတာကတော့ သိုးကျောင်းသားကနေ ဘုရင်ဖြစ်သွားတဲ့ ဒါဝိဒ်လေး။ အစ်ကိုတွေ ရောင်းစားလို့ ဘုရင်ခံ ဖြစ်သွားတဲ့ ယောသပ်၊ ခြင်္သေ့တွင်းထဲ အထဲ့ခံရပြီး ပညာရှိချုပ်သွားဖြစ်တဲ့ ဒံယေလ။ ခွန်အားကြီးတဲ့ ရှံဆုန် --- အများကြီးဘဲ မာမီရယ်။ ဆရာမက သားတို့ကို ပြောတယ် သခင်ယေရှုခရစ်တော်ကို ယုံကြည်ရင် ထာဝရ အသက် ရမယ်တဲ့။ လိုချင်တာတွေလဲ တောင်းရင် ရတယ်တဲ့ မာမီရယ်။

သားလေ ဘုရားသခင်ဆီမှာ အလိုချင်ဆုံး အရာတစ်ခု ဆုတောင်းမိတယ်။ အဲဒါကတော့၊ မာမီနဲ့ အတူတူ နေချင်တယ်ဆိုတဲ့ ဆုတောင်းချက်ပါဘဲ၊ ဆရာမကလဲ ဖွဲ့မလျော့ဘဲတောင်းရင် ရမယ်လို့ပြောတယ်။ သား ဆုတောင်းပြည့်မဲ့နေ့က ဘယ်နေ့လဲဟင်။ အဲဒီနေ့ကို အမြန်ဆုံး ရောက်ချင်လှပါပြီ။ ဘုရားသခင် မာမီ့ကို အမြန်ဆုံးသားတို့ဆီ ရောက်အောင် ပြန်ပို့ပေးပါ။ အာမင်။

( ဘဝကို အရှုံးပေးသွားသော သူငယ်ချင်းတစ်ဦး၏ မိသားစုကို ခံစားရေးဖွဲ့ထားပါသည်။ )

ဒေးဒေး (အင်းစိန်) - **Blue Stars Brother**

## ဆုတောင်း



တစ်နေ့မှာ – ငွေ ရှာဖို့ဆိုပြီး ၊ အဖေ ထွက်သွားခဲ့တယ်။
တစ်နေ့တော့ – ငွေဟာ အဖေ မပါဘဲ ၊ ကျွန်တော်တို့ ဆီကို ရောက်လာခဲ့တယ်။
ငွေ မရှိတဲ့ နောက်မှာတော့ ၊ အမေလဲ အဖေ့နောက် လိုက်သွားခဲ့တယ်။

အဲဒီနောက်မှာတော့ – ကျွန်တော်တို့ဆီမှာ –––
အဖေ လဲ မရှိ ။ အမေလဲ မရှိ ။ ငွေလဲ မရှိ ။
ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုရင် – –

အဖေရယ်၊ အမေရယ်၊ ငွေရယ်။
ရတနာသုံးပါး၊ တွေ့တွေ့ဆိုင်ဆိုင် ဆုံဆည်းဖြစ်တဲ့နေ့မှာ –
ကျွန်တော့်ကို လူသားအဖြစ် အသစ် တဖန်မွေးဖွားခွင့်ရဖို့ ဆုတောင်းပေးကြပါအုံးဗျာ။
လူရှင်

## ကျွန်တော်၏ရင်တွင်းစကား(၈)



သစ်တစ်ပင်ရဲ့ ရှင်သန်မှုဟာ သဘာဝနဲ့ ဆိုင်တယ်။
လူတစ်ယောက်ရဲ့ ရှင်သန်မှုဟာ အာဟာရနဲ့ ဆိုင်တယ်။
သစ်တစ်ပင်ရဲ့ ရပ်တည်မှုဟာ အမြစ်ရဲ့ ကပ်တွယ်မှုနဲ့ဆိုင်တယ်။
လူတစ်ယောက်ရဲ့ ရပ်တည်မှုဟာ အချစ်ရဲ့ ပတ်နွယ်မှုနဲ့ ဆိုင်တယ်။

ထောင်မြင်ရင် ရာစွန့်တတ်တဲ့သူဟာ
အသပြာမြင်ရင် သာသနာကို စွန့်သွားအုံးမှာဘဲ။

ပလ္လင်ပေါ်မှာ တရားဟောတဲ့ ခပ်ဖျော့ဖျော့ ဆရာအို
စင်ပေါ်မှာ **cat walk** လျှောက်တဲ့ ခပ်ဟော့ဟော့ ကညာပျို
ဘယ်သူက လူတွေကို ဆွယ်မြူနိုင်သလဲ။

**Bible** ထူထူနဲ့ ၊ **Dollar** စက္ကူ
ဘယ်ဥစ္စာက လူတွေကို လှုပ်ခါ သွားစေနိုင်သလဲ။

ခရိုက်ချပ်(ချ) **(Christ church)** နဲ့ ၊ နိုက်ကလပ် **(Night club)**
ဘယ်နေရာက လူတွေကို သေချာ သွားစေသလဲ။

ကဲ – အမှားအမှန်ကို
မိတ်ဆွေတို့ဘဲ ကိုယ်သန်ရာ ကိုယ်တွေးပြီး
ရေးခြစ်လိုက်ကြပါတော့။ ။

မင်းအောင်သက်လွင်

### အားကိုးရာအစစ်အမှန်

နှလုံးသား ခိုင်မာစွာနဲ့
သခင့် ခေါ်သံ မကြား
ခေါင်းမာခဲ့တဲ့ လူသား

ဒုက္ခဆင်းရဲ ရင်ဆိုင်ရချိန်မှ
ခိုကိုးရာ မရှိ ၊ ကယ်သူမဲ့ ဘဝမှာ
ကြေကွဲစွာ ဟစ်အော်
ကရုဏာရှင် သခင်ဆီသို့
ကြွေမွတဲ့ နှလုံးသားနဲ့လေ ။

သခင် ကလည်း လက်ခံ
ကျေးဇူးတော် တပုံတပင် ချပေးလို့
အသက်တာသစ်ကို လျှောက်လှမ်း
အားကိုး ယုံကြည်တာက
အလုံးစုံ တို့ရဲ့ သခင် ကိုပါ။

ကောင်းကောင်